ကေအဲန်ယူ- ကရင်အမျိုးသားအစည်းအရုံး
ဗဟိုဌာနချုပ်
ကော်သူးလေ
www.knuhq.org

၂၉ စက်တင်ဘာလ ၊၂၀၂၀

**အီကြွေတာဆု ရရှိသော သံလွင်ငြိမ်းချမ်းရေးဥယျာဉ် နှင့် ပတ်သက်၍ KNU ၏ ထုတ်ပြန်ကြေညာချက်**

ကုလသမဂ္ဂ ဖွံ့ဖြိုးရေး အစီအစဉ်မှ ပေးအပ်သော အီကြွေတာဆုရရှိသည့် သံလွင်ငြိမ်းချမ်းရေးဥယျာဉ် နှင့် ပတ်သက်၍ ကရင်အမျိုးသားအစည်းအရုံး (KNU) အနေနှင့် များစွာဂုဏ်ယူ မိပါသည်။ အီကြွေတာအစီအစဉ်မှ ကမ္ဘာတစ်ဝှမ်း နိုင်ငံပေါင်း ၁၂၀ မှ အဆိုပြုလာကြသော ဒေသအခြေပြု ဆန်းသစ်တီထွင်သောသဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ အဖြေရှာမှု အဆိုပြုချက်ပေါင်း ၅၈၃ ခုကို လက်ခံရရှိခဲ့ပြီး ယင်းတို့အနက်မှ ဒေသ ၁၀ ခုကို ဆုပေးရွေးချယ်ခဲ့သည်။

သံလွင်ငြိမ်းချမ်းရေးဥယျာဉ်သည် မြန်မာနိုင်ငံ အရှေ့ဘက်အခြမ်း၊ ကော်သူးလေ(ကရင်ပြည်နယ်) အတွင်းရှိ မူတြော်ခရိုင် (ဖာပွန်) တွင် တည်ရှိသော ဇီဝမျိုးကွဲပေါင်းများစွာရှိသည့် ဒေသဖြစ်သည်။ ထိုဥယျာဉ်ကို ဒေသခံ နှင့် ခေါင်းဆောင်များ အချင်းချင်း တွေ့ဆုံဆွေးနွေးနိုင်သည့် အားလုံးပါဝင်သော ဒီမိုကရက်တစ် စီမံအုပ်ချုပ်မှုပုံစံများမှ တဆင့် မူတြော်ဒေသခံ ကရင်ဌာနေတိုင်းရင်းသားများမှ ရေရှည်တည်တံ့စေသည့် နည်းလမ်းများဖြင့် စီမံခန့်ခွဲခဲ့ကြသည်။ သံလွင်ငြိမ်းချမ်းရေး ဥယျာဉ်သည် စတုရန်းကီလိုမီတာပေါင်း ၅,၄၀၀ ရှိသောနယ်နမိတ် အတွင်းရှိ ဂေဟစနစ်၊ ဒေသပိုင် သစ်တောများ နှင့် ဌာနေတိုင်းရင်းသားများ၏ မြေနေရာများအား စဉ်ဆက်မပြတ် ထိန်းသိမ်းထားမှုကို အကာအကွယ်ပေးထားသော နေရာအဖြစ် ဆုရရှိခဲ့ခြင်းဖြစ်သည်။ ဒေသခံ ဌာနေကရင်တိုင်းရင်းသားများသည် နှစ်ပေါင်း (၇၀) ကျော်ကြာ ပြည်တွင်းစစ် ဒဏ်ကို ခံစားခဲ့ရသော်လည်း၊ ဇီဝကွဲပြားမှု မျိုးစုံကြွယ်ဝလျှက်ရှိသော တောတောင်ရေမြေတို့ကို နည်းမျိုးစုံဖြင့် ဖျက်ဆီးလာသည့်ဘေးမှ ဒေသခံလူထုသည် ကြံ့ကြံ့ခံရင်ဆိုင် တားဆီးကာကွယ်ခဲ့ကြသည်။ ဤဖြစ်စဉ်ကို ကြည့်ခြင်းအားဖြင့် ဒေသခံများသည် ၎င်းတို့၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဂုဏ်သိက္ခာ နှင့် ယဉ်ကျေးမှုတို့ကို ထိန်းသိမ်း စောင့်ရှောက်နေစဉ် တချိန်တည်းမှာပင် ချစ်ခြင်းမေတ္တာ နှင့် ငြိမ်းချမ်းမှုတို့ကို ဖော်ပြကာ မိမိတို့၏ ကိုယ်ပိုင်ပြဌာန်းခွင့်ကို ကျင့်သုံးဖော်ဆောင်နေခြင်းဖြစ်သည်။

ဤကဲ့သို့ ကျင့်သုံးဖော်ဆောင်နေခြင်းသည် မူတြော်ခရိုင်မှ ဌာနေ ကရင်တိုင်းရင်းသားများသည် ၎င်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများအရ ပိုင်ဆိုင်သော မြေယာများကို မည်ကဲ့သို့ ကျင့်သုံးဖော်ဆောင်နေကြောင်းကို ပြသနေခြင်းဖြစ်ပြီး အခြားတဖက်တွင်လည်း မြန်မာအစိုးရမှ ဌာနေတိုင်းရင်းသားများ၏ ဓလေ့ထုံးတမ်း ဥပဒေများကို လက်ခံခြင်းမရှိသေးသကဲ့သို့ အသိအမှတ်ပြုခြင်းလည်း မရှိသေးပါ။

သံလွင်ငြိမ်းချမ်းရေးဥယျာဉ် တည်ထောင်မှုကို ၂၀၁၄ တွင် စတင်ခဲ့ပြီး ၂၀၁၇ တွင် ကျင်းပခဲ့သော KNU ၏ (၁၆)ကြိမ်မြောက် ကွန်ဂရက်တွင် တင်သွင်းခဲ့ကာ ကွန်ဂရက်အပြီး ကျင်းပခဲ့သည့် KNU ဗဟိုအမြဲတမ်း ကော်မတီ ပထမ အစည်းအဝေးတွင် သဘောတူအတည်ပြုခဲ့ပါသည်။ အဆိုပါ ဥယျာဉ်အား ဌာနေတိုင်းရင်း သား များက စီမံခန့်ခွဲသော ကရင်အမျိုးသားများ၏ ယဉ်ကျေးမှုအမွေးအနှစ် နှင့် တောရိုင်းတိရစ္ဆာန် ဘေးမဲ့ ပေးရာ နေရာအဖြစ် အသိအမှတ်ပြုထားခြင်းလည်း ဖြစ်ပါသည်။

ဆက်သွယ်ရန်-

၁။ ပဒိုစောကွယ်ထူးဝင်း (+၉၅၉ ၄၂၂ ၁၉၁ ၉၄၁)၊ (+၆၆ ၈၁၈ ဝ၇၆ ၂၇၉)
၂။ ပဒိုစောတာဒိုမူး (+ ၉၅ ၉၇၉ ၅၈၈ ၇၀၈၅)၊(+၆၆ ၆၄၆ ၄၅၉ ၁၁၃)